# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၇ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၅)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မွန်ပြည်နယ် မုဒုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ရက် နံနက် ၉နာရီတွင် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ၌ကျင်းပသော မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မွန်ပြည်နယ်၏ မိုးစပါး စိုက်ပျိုးပြီးအခြေအနေနှင့် ဆက်လက် စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ယခင်နှစ်စိုက်ဧကထက် လျော့နည်းမှုမရှိစေရန်၊ မြေဩဇာ စနစ်တကျသုံးစွဲခြင်းနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းတို့အပြင် အလေအလွင့်နည်းစွာဖြင့် ရိတ်သိမ်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်သွားကြရန်စသည်ဖြင့် မှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးပြကွက်တွင် ပြသထားသော စပါးမျိုးများနှင့် မြေဩဇာများကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



**မိုးစပါးစိုက်ကွင်း**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော် ဘဲရမ်းကွင်း အထူးဇုန် မိုးစပါးစိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

ကြေညာချက်အမှတ် (၇၅/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်)

**တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ**
**Ethnic National Development Party (ENDP) အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီ၊ အိမ်အမှတ် (အ/၉၁)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) ၏ မှတ်ပုံတင်အမှတ်မှာ (၃၃) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် ကမန်အမျိုးသားတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၁၆ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၄)ပါတီအနက် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၁၆ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၄)ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**၁၆-၆-၂၀၁၀**

| | |
|---|---|
| စစ်တွေမြို့ | ၆ ဒသမ ဝ၆ လက်မ |
| အမ်းမြို့ | ၅ ဒသမ ၁၅ လက်မ |
| ကျောက်တော်မြို့ | ၅ ဒသမ ဝ၈ လက်မ |
| မောင်တောမြို့ | ၃ ဒသမ ၇ဝ လက်မ |
| သံတွဲမြို့ | ၃ ဒသမ ၆၆ လက်မ |
| လောင်းလုံမြို့ | ၃ ဒသမ ၃၉ လက်မ |
| မန္တလေးမြို့ | ၂ ဒသမ ဝ၅ လက်မ |

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇွန် ၁၇ ရက်)

# အလုပ်အကိုင်အခွင့်အလမ်းများကို ထိရောက်စွာအသုံးချ

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသဖြစ်သော်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို မကွေးခရိုင် ချောက်မြို့နယ်၌ ၂၀၀၀-၂၀၀၁ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးတွင် စိုက်ခင်းဧက ၃၄၅၀၌ တမာပင်ပေါင်း ၅၂၀၀၀၀နှင့် အခြားသစ်မျိုးစုံကို စိုက်ပျိုးခဲ့ကြသည်။

ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးတွင် တမာပင်ကို သီးသန့်စိုက်ပျိုးခြင်းဖြစ်ပြီး တမာပင်နှင့် အခြားသစ်ပင်မျိုးစုံကိုလည်း စိုက်ပျိုးတည်ထောင်ခဲ့သည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီမည့်အပင်များကို တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းအတွင်း ချောက်မြို့နယ်သည် စက်မှုထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်။ ချောက်မြို့တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ(ချောက်)၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် ချောက်မြို့နယ် ရေတွင်းကျေးရွာအနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ(ချောက်)တို့ တည်ရှိသည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံမှ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကို စက်မှုလုပ်ငန်းများ၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကို စက္ကူပျော့ဖတ်နှင့် ချည်မျှင်နှင့်အထည်လုပ်ငန်းတွင် အရောင်ချွတ်ရာ၌လည်းကောင်း၊ ရေနှင့်ရေဆိုးများ သန့်စင်ရာတွင်လည်းကောင်း၊ ဓာတုဗေဒလုပ်ငန်း၊ ခန္ဓာကိုယ်သန့်စင်ရေးနှင့် အစားအစာများ သန့်စင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်သန့်စင်ရေးလုပ်ငန်းများတွင်လည်းကောင်း အသုံးပြုလျက်ရှိသည်။ ယင်းစက်ရုံမှထွက်ရှိသည့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကို ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။

ယခုအခါ မကွေးတိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တော၊ သစ်ပင်များ၊ အရိပ်ရပင်များကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများအတွက် စက်ရုံ အလုပ်ရုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများရှိရာ ဒေသခံပြည်သူတို့အနေဖြင့် ယင်းအခွင့်အလမ်းကောင်းများကို ထိထိမိမိအသုံးချလျက် မိမိတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မုံရွာမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲများကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၊ စာအုပ်များလှူဒါန်း

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ရက်က မုံရွာမြို့နယ် ကန်မကျေးရွာရှိ ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းမှူးနှင့်အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(ယာပုံ)**

**ဖွင့်လှစ်ပေး**

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရေကန်စုကျေးရွာ၌ကျင်းပသည့် အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ မုံရွာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ရေကန်စုကျေးရွာ ကျေးလက်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ကျေးရွာပိုင် သစ်မာစိုက်ခင်းစိုက်ပျိုးပွဲ

## ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ကျင်းပ

**ပုသိမ် ဇွန် ၁၆**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၁၀ရက်က ကျေးရွာပိုင် သစ်မာစိုက်ခင်းတစ်ဧက စိုက်ပျိုးပွဲအခမ်းအနားကျင်းပသည်။

အဆိုပါ ကျေးရွာ သစ်မာစိုက်ခင်း အခမ်းအနား၌ ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ချိုနှင့် ဝန်ထမ်းများ၊ ကြောင်ပန်းကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများက ကျေးရွာပိုင် သစ်မာစိုက်ခင်းများ စိုက်ပျိုးကြသည်။ **(အပေါ်ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**

## ကယားပြည်နယ် ဘောလခဲ၊ ဖာဆောင်းနှင့် မဲ့စဲ့မြို့နယ်တို့၌

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းများ ဖွင့်လှစ်ပို့ချ

**နေပြည်တော် ဇွန် ၁၆**

ကယားပြည်နယ် ဘောလခဲမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဇွန် ၁၁ရက် နံနက် ၈နာရီခွဲက ဘောလခဲမြို့ ဘုရင့်နောင်ခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

**ပို့ချ**

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်နှင့် ဦးစိုင်းမြသောင်းတို့က လုပ်ငန်းလမ်းညွှန်နှင့် ဥပဒေ၊ နည်းဥပဒေများကို ပို့ချကြသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးများ စုစုပေါင်း သင်တန်းသား ၁၀ဦး တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အလားတူ ဖာဆောင်းမြို့နယ်နှင့် မဲ့စဲ့မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၁၂ရက် နံနက် ၈နာရီခွဲက ဖာဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်နှင့် ဦးစိုင်းမြသောင်းတို့က လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဥပဒေ၊ နည်းဥပဒေများကို ပို့ချကြသည်။

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးများ စုစုပေါင်း သင်တန်းသားအင်အား ၈၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၇-၆-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၃၀ ၃။ ဓမ္မပူဇာတေး
- ၇:၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၅။ မွေးမြူသုတ
- ၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း (၂၂)
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** အပိုင်း(၂၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) ဂရိနှင့် နိုင်ဂျီးရီးယား**

**၁၈-၆-၂၀၁၀**

**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၀၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ပြင်သစ်နှင့် မက္ကဆီကို**

## ဧရာဝတီတံတား (မလွန်)တည်ဆောက်နေမှု

## ဒုတိယဝန်ကြီးဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေသည် ဇွန် ၁၁ရက် နံနက်ပိုင်းက ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ ဆက်သွယ်မည့် ဧရာဝတီတံတား (မလွန်) တည်ဆောက်နေမှုကို မိကျောင်းရဲ ဘက်ကမ်းမှ ကြည့်ရှုစစ်ဆေးသည်။

**ဆက်သွယ်တည်ဆောက်**

ဧရာဝတီတံတား(မလွန်)သည် ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါဝင်သော တံတားအမျိုးအစားဖြစ်ပြီး ဧရာဝတီမြစ် အရှေ့ဘက်ကမ်း မကွေးခရိုင် မကွေးမြို့နယ် မိကျောင်းရဲမြို့မှ ဧရာဝတီမြစ်အနောက်ဘက်ကမ်း သရက်ခရိုင် မင်းလှမြို့နယ် မလွန်မြို့အနီးသို့ ဆက်သွယ်တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး



# နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းအား
# အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်း၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးသာအောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဂျစ်ဘိစ်မာ့ခ်တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## သာစည်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**သာစည် ဇွန် ၁၆**

သာစည်မြို့နယ် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူး ကျင်းပသည့် ၂၀၁၀ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇွန် ၈ရက် နံနက်၈နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကား**

အခမ်းအနားတွင် မိတ္ထီလာခရိုင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပို့ချ**

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတက်ရောက်ကြပြီး သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးသိန်းအောင်၊ ဦးဝင်းတင့်နှင့် အတွင်းရေးမှူး ဦးဟန်ထွန်းနိုင်တို့က ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ရှင်းလင်းပို့ချသည်။

**(မြို့နယ် ပြန်/ဆက်)**

❒ ရှေ့ဖုံးမှ

**အမှတ်တရဖြန့်ဝေ**

ယင်းနောက် ဘဲရမ်းကွင်း အထူးဇုန် မိုးစပါးစိုက်ကွင်း၌ စပါးစိုက်ပျိုးနေမှု အခြေအနေများနှင့် စံကွက်တိုင်းထွာနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တက်ရောက်လာကြသော တောင်သူများအား ဇီဝစူပါရွက်ဖျန်း မြေသြဇာများကို အမှတ်တရ ဖြန့်ဝေပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မုဒုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်ကလေးဥယျာဉ်ခြံ၌ ခြံမန်နေဂျာက ခြံအတွင်း စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးရေး၊ ပျိုးပင်များ ပိုမိုဖြန့်ဖြူးနိုင်ရေးတို့အတွက် ကြပ်မတ်လုပ်ဆောင်ကြရေးတို့ကို မှာကြားပြီး ခြံထွက်သီးနှံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကာ ဥယျာဉ်ခြံအတွင်း နှစ်ရှည်သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေး၍ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နည်းပညာတက္ကသိုလ်(မန္တလေး) စုပေါင်းသွေးလှူဒါန်း

မန္တလေး ဇွန် ၁၆

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မန္တလေး)၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၀ရက် နံနက် ၉နာရီခွဲက အဆိုပါတက္ကသိုလ် ပင်မသုံးထပ်ဆောင်၌ ကျင်းပသည်။**

**ကူညီဖြည့်ဆည်း**

အခမ်းအနားတွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများက သွေးလှူရှင် ကျောင်းသားကျောင်းသူများအား စနစ်တကျစမ်းသပ်စစ်ဆေး၍ သွေးလှူဘဏ် နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် ဖောက်ယူလက်ခံကြရာ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

**သွေးလှူရှင်တံဆိပ်**

ထို့နောက် ပါမောက္ခချုပ်က သန့်စင်သော သွေးအမျိုးအစား(A) သွေး ၇၄အိတ်၊ (B)သွေး ၉၄အိတ်၊ (O)သွေး ၉၆အိတ်နှင့် (AB) သွေး ၂၆အိတ် စုစုပေါင်းသွေးအိတ် ၂၉၀ကို ပေးအပ်လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံဆရာဝန်ကြီးက လက်ခံ၍ သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး သွေးလှူရှင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

## ၂၀၁၀ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ ဇမိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

**နှစ်တန်းခွဲကျင်းပမည်**

အဆိုပါပြိုင်ပွဲကို တစ်ဦးချင်းအကျောပေးပြိုင်ပွဲ (၀မှ၁၈)နှင့် တစ်ဦးချင်း သက်ကြီးတန်းပြိုင်ပွဲ [အသက် (၅၅) နှစ်နှင့်အထက်၊ ၀မှ၂၄] ပြိုင်ပွဲဟူ၍ အတန်းနှစ်တန်းခွဲ၍ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇွန် ၂၂ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း-၆၆၁၇၀၂၊ ၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁ နှင့် မြန်မာဂေါက်ကလပ်တို့တွင် အမည်စာရင်းများ ပေးသွင်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

**ရန်ကုန် ဇွန် ၁၆**

### လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

*မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များနားလည်စေရန် MERS For SMEs (Part VI)ခေါင်းစဉ်ဖြင့် ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းခန်းမ၌ ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဇွန် ၂၃ရက် နောက်ဆုံးထား၍ အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ပထမထပ်) ၌ စာရင်းပေးသွင်းနိုင်သည်။*

### မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ညှိနှိုင်းဆွေးနွေးမည်

*မြန်မာနိုင်ငံ၏လက်ဝှေ့ (Boxing) အားကစားတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအတွင်းရှိ လက်ဝှေ့ကော်မတီများအားလုံး၊ လက်ဝှေ့ကလပ်အသင်းအဖွဲ့များအားလုံး၏ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏကွင်းအနီးရှိ Eagle Garden စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။*

### စာရေးဆရာကျော်ဝင်း၏ ဆွေးနွေးဟောပြောပွဲ တက်ရောက်နိုင်

*CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး စာရေးဆရာကျော်ဝင်းက The world is flat but... ခေါင်းစဉ်ဖြင့် ဇွန်၂၆ရက်တွင် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ် ဟိုတယ်၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဇွန်၁၈ရက် (သောကြာနေ့)နောက်ဆုံးထား၍ ဖုန်း-၅၀၇၃၉၁နှင့် ၅၀၇၃၈၅တို့သို့ ဆက်သွယ်နိုင်သည်။*

### ကလပ်ပေါင်းစုံ စစ်တုရင်ယှဉ်ပြိုင်မည်

*၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်းစစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၉ရက်မှ ဇူလိုင် ၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဇွန် ၂၆ရက် (စနေနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စုံစမ်း စာရင်းပေးသွင်းနိုင်သည်။*

### သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

*မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ပညာပြန့်ပွားရေးအစီအစဉ်အရ ဇွန် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းခန်းမ၌ ပါမောက္ခ ဒေါက်တာဒေါ်ငွေငွေရီနှင့် ဒေါက်တာမြတ်ညဏ်တို့က ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။*

### အိုင်စီတီသင်တန်း ဆက်သွယ်တက်ရောက်နိုင်

*အိုင်စီတီပညာရပ်၏ အရေးပါပုံ၊ အကျိုးရှိပုံတို့ကိုကောင်းစွာနားလည်ပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချနိုင်ရန် အိုင်စီတီသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ တက်ရောက်လိုသူများ ဖုန်း-၂၂၄၄၉၆နှင့် ၀၉-၈၆-၂၈၈၀၆တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။*

### ခြင်းလုံးလက်ရွေးစင်များ သရုပ်ပြခတ်ကစားပြမည်

*မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့၏ ညွှန်ကြားပံ့ပိုးမှုဖြင့် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ချိန်လိန်ကိန်း ခြင်းလုံးအားကစားရုံ၌ ဇွန် ၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှစ၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် လက်ရွေးစင်ကစားသမားများက သရုပ်ပြခတ်ကစားမည်ဖြစ်ရာ ခြင်းလုံးဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်သည်။*

### စီမံခန့်ခွဲခြင်း ဟောပြောပွဲကျင်းပမည်

*လူငယ်များအနေဖြင့် လုပ်ငန်းများလုပ်ကိုင်ရာတွင် စီမံခန့်ခွဲမှုအတတ်ပညာ သိရှိစေရန် ဆရာဦးသိန်းငွေက တစ်ကိုယ်ရေစီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဇွန် ၁၈ရက် (သောကြာနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း-ဒီရှိ PS Business School၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပြီး ဖုန်း-၅၀၀၅၃၃နှင့် ၅၂၄၄၈၂တို့သို့ စုံစမ်းနိုင်သည်။*

### မိုးရာသီ အထူးဈေးရောင်းပွဲခင်းကျင်းထား

*ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ဆေးနှင့်ဆေးကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် မွေးမြူရေးဆေးဝါးနှင့် အစားအစာများ အစရှိသည့် ကုန်ပစ္စည်းများကို မိုးရာသီအထူးဈေးရောင်းပွဲအဖြစ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဇွန် ၁၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ ။* (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

17-6 (03).pmd 1 6/17/2010, 3:17 AM

# အီရတ် အာဖဂန် သတင်းများ

## ရှင်းလင်းဖယ်ရှား

ပါကစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ အဒူလ်ဂျဘာအရပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများ ရှင်းလင်း ဖယ်ရှားနေသည်ကို ဇွန် ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



## နိုင်ငံတကာ ကဘူးလ်ညီလာခံအတွက် လုံခြုံရေးတိုးမြှင့်ချထားမည်

ကဘူးလ် ဇွန် ၁၆

အာဖဂန်နစ္စတန်၌ကျင်းပမည့် နိုင်ငံတကာညီလာခံအတွက် အာဖဂန်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ပူးပေါင်းကာ လုံခြုံရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ကို စတင်ရေးဆွဲနေပြီဖြစ်ကြောင်း ကဘူးလ်မြို့ရှိ အထူးတပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီးကာဒက်ရှာဆာမင်က ဇွန် ၁၄ရက်၌ ပြောကြားသည်။

လာမည့် နိုင်ငံတကာ ကဘူးလ်ညီလာခံတွင် လုံခြုံရေးဆိုင်ရာ တိုးမြှင့်ချထားရေးအတွက် အာဖဂန်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၀၀၀ကျော်အား တပ်ဖြန့်ချထားမည်ဟုဆိုသည်။

### အတည်ပြု

ကဘူးလ်ညီလာခံကို ဇူလိုင်၂၀ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းမှာ ဇန်နဝါရီလက ကျင်းပခဲ့သည့် လန်ဒန်ညီလာခံ၏ နောက်ဆက်တွဲ ညီလာခံတစ်ရပ်ဖြစ်သည်။ လန်ဒန်ညီလာခံက အာဖဂန်အစိုးရကို ထောက်ခံရေးနှင့် အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့အင်အားခိုင်မာရေးကို ထောက်ခံအတည်ပြုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၊ လက်နက်ကိုင်အတိုက်အခံများနှင့် ရင်ကြားစေ့ရေးနှင့် အာဖဂန်စစ်ပွဲ အဆုံးသတ်ရေးတို့ကို ကဘူးလ်ညီလာခံ၌ ဆွေးနွေးကြမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၈၂၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၈၈၀၇ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၁၈၂၅ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၆၈၈၀၇ ဦး |

(အင်တာနက်)

## အာဖဂန်နှင့်နေတိုးတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး စစ်သွေးကြွများအား ဖမ်းဆီးနိုင်ခဲ့

ကဘူးလ် ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကူဒက်ချ်ပြည်နယ်မြောက်ပိုင်း၌ အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့တို့ ပူးပေါင်းသည့် စစ်ဆင်ရေးအတွင်း၌ စစ်သွေးကြွတစ်ဦးသေဆုံးပြီး ခြောက်ဦး ဖမ်းဆီးနိုင်ခဲ့သည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က ဇွန် ၁၄ရက်၌ ပြောကြားသည်။

### စီးနင်းတိုက်ခိုက်

ကူဒက်ချ်ပြည်နယ် ကူဒက်ချ်မြို့ အပြင်ဘက်၌ ဇွန်၁၃ရက် ညပိုင်းက အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံတကာ ညွန့်ပေါင်းတပ်ဖွဲ့တို့ ရုတ်တရက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းဖြစ်သည်ဟု အာဏာပိုင်အဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

### အရှိန်မြှင့်လုပ်ဆောင်

ဖမ်းဆီးမိသူများထဲမှ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု၊ လမ်းဘေးဗုံးဖောက်ခွဲမှုတို့တွင် တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် ဆက်နွယ်သူ ဟာကွာနီအဖွဲ့မှ စစ်သွေးကြွတစ်ဦး ပါဝင်သည်ဟုဆိုသည်။

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း တာလီဘန်စစ်သွေးကြွများ၏ အသေခံဖောက်ခွဲမှုနှင့် လမ်းဘေးဗုံးဖောက်ခွဲမှုတို့ကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၀၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၄၃၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၂၉၀၄ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၄၃၂ ဦး |

(အင်တာနက်)

## အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဟီရတ်ပြည်နယ်တွင် တာလီဘန်တို့လက်နက်ချ

ဟီရတ် ဇွန် ၁၆

**အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်၌ အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်သွေးကြွ နှစ်ဒါဇင်ကျော်တို့က လက်နက်ချသည်ဟု ရဲတပ်ဖွဲ့က ဇွန် ၁၄ရက်၌ ပြောကြားသည်။**

အာဖဂန်နစ္စတန်၌ မကြာမီက ကျင်းပခဲ့သည့် အာဖဂန်ငြိမ်းချမ်းရေး ညီလာခံကို ရှိုင်းဒန်းဒ်ဒေသရှိ တာလီဘန် ခေါင်းဆောင် မူလာဇာမာရီအာဟန့် အပါအဝင် တာလီဘန်လက်နက်ကိုင် ၃၀ က ကြိုဆိုသည်ဟု ပြောကြားသည်။

အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အခြားသော တာလီဘန်လက်နက်ကိုင်များကို ဖိတ်ခေါ်ကြိုဆိုပါကြောင်း ယင်းညီလာခံက ဖော်ပြသည်။

### ဖိတ်ခေါ်

ယခုလအစောပိုင်းက ကဘူးလ်မြို့၌ ကျင်းပခဲ့သည့် အာဖဂန်နစ္စတန်အမျိုးသား ငြိမ်းချမ်းရေးညီလာခံက တာလီဘန်များနှင့် အခြားသော အစိုးရဆန့်ကျင်သည့် အဖွဲ့များအား အာဖဂန်တပ်ဖွဲ့နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## မိုဆူးလ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှု ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၆

သေနတ်သမားအုပ်စုတစ်စုက အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့အနီးရှိ အိမ်တစ်အိမ်ကို စီးနင်းတိုက်ခိုက်ခဲ့ရာ ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း၊ သေဆုံးသူနှင့် ဒဏ်ရာရရှိသူအားလုံးသည် မိသားစုဝင်များဖြစ်ကြောင်း သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ဇွန်၁၄ရက်၌ပြောကြားသည်။

### ရှာဖွေ

သေနတ်သမားများ၏ တိုက်ခိုက်မှုအကြောင်းရင်းကို ယခုတိုင် သဲသဲကွဲကွဲ မသိရသေးပေ။ သို့ရာတွင် ရဲတပ်ဖွဲ့ကမူ တိုက်ခိုက်သူများအား ရွာအတွင်း ဝင်ရောက်ရှာဖွေနေသည်ဟု သိရသည်။ **(အင်တာနက်)**

## ပေါက်ကွဲမီးလောင်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဗုံးဖောက်ခွဲမှုကြောင့် ပေါက်ကွဲမီးလောင်နေသည်ကို ဇွန်၁၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)



## ခမ်ကက်ခါမြစ်ကူးတံတား ရုရှားတည်ဆောက်

ဗလာဒီဗော့စတော့ ဇွန် ၁၆

ရုရှားအစိုးရအနေဖြင့် ခမ်ကက်ခါမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိသည်ဟု ဒေသဆိုင်ရာသတင်းဌာနက ဇွန်၁၅ရက်၌ ထုတ်လွှင့်သည်။

### ပြောကြား

အဆိုပါတံတားကို မာကိုဗို-ကလူချီ-အုစ်-ခမ်ကက်ခါအဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်ထားမည်ဖြစ်ပြီး အနောက်ဘက်ကမ်းသို့ဆက်သွယ်သည့် ပထမဆုံး မြစ်ကူးတံတားတစ်စင်းဖြစ်ကြောင်း ခမ်ကက်ခါပြည်နယ်အုပ်ချုပ်ရေးမှူး အက်ဇီက ပြောကြားသည်။

တံတားကို ၂၀၁၂ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ခမ်ကက်ခါကျွန်းသွယ်၏ လူမှုစီးပွားဖွံ့ဖြိုးရေး၌ လွန်စွာအရေးပါသည့် တံတားတစ်စင်းအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

### အကုန်အကျခံထား

ရုရှားအစိုးရသည် နိုင်ငံအရှေ့ဘက်စွန်း၌ တည်ဆောက်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုကို ရပ်တန့်ထားခဲ့သော်လည်း အဆိုပါ ခမ်ကက်ခါ မြစ်ကူးတံတား တည်ဆောက်ရေး၌ အမေရိကန်ဒေါ်လာ ၅၈ဒသမ၈သန်း အကုန်အကျခံထားသည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ နျူကလီးယားစွမ်းအင်စာချုပ်ပြင်ဆင်ရေးဆွေးနွေးပွဲရွှေ့ဆိုင်း

ဆိုးလ် ဇွန် ၁၆

တောင်ကိုရီးယားနှင့် အမေရိကန်အစိုးရတို့သည် ကိုရီးယား-အမေရိကန် နျူကလီးယားစွမ်းအင် သဘောတူစာချုပ် ပြန်လည်ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးညှိနှိုင်းမှုကို စက်တင်ဘာလနောက်ပိုင်းအထိ ရွှေ့ဆိုင်းဖွယ်ရှိသည်ဟု ကိုရီးယားယွန်ဟပ်သတင်းဌာနက ဇွန်၁၅ရက်၌ ဖော်ပြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုကို ၂၀၁၀ခုနှစ် ပထမနှစ်ဝက်အတွင်း ကျင်းပရန် ကနဦးက စီစဉ်ထားသည်ဟုဆိုသည်။ ကိုရီးယား-အမေရိကန် အဏုမြူစွမ်းအင် သဘောတူစာချုပ်ကို ၁၉၇၄ခုနှစ်အတွင်းက ချုပ်ဆိုခဲ့ပြီး ၂၀၁၄ခုနှစ်၌ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

### လိုလား

အဆိုပါ သဘောတူစာချုပ်၌ စစ်ဘက်ဆိုင်ရာ လိုအပ်ချက်ပမာဏထက် လျှော့နည်းအသုံးပြုခွင့်ပြုထားသည့် နျူကလီးယားလောင်စာနှင့် စပ်လျဉ်းသည့် အမေရိကန်အစိုးရ၏ သဘောထားကို ပိုမိုလိုက်လျောပျော့ပျောင်းလာစေရေး တောင်ကိုရီးယားအစိုးရက လိုလားလျက်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်၌ မြေပြိုမှုဖြစ်ပွား ၂၃ဦးသေဆုံး

ဒါကာ ဇွန် ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇွန် ၁၅ရက် နံနက်စောစောပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုကြောင့် အိမ်အများအပြားပျက်စီးသွားရာ အနည်းဆုံး ၂၃ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

အဆိုပါဖြစ်စဉ်သည် ဒါကာမြို့နှင့် ၃၉၁ကီလိုမီတာအကွာတွင်ရှိသော ကော့စ်ဘာဇာခရိုင် အရှေ့တောင်ဘက်တွင် ဖြစ်ပွားပြီး ၎င်းခရိုင်တွင် ၁၉ဦးသေဆုံး၍ ရှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ထို့ပြင် ဒါကာမြို့နှင့် ၃၁၆ ကီလိုမီတာအကွာ ဘန်ဒါခရိုင် အရှေ့တောင်ဘက်တွင်လည်း မြေပြိုမှုကြောင့် မိသားစုတစ်စုမှ မိသားစုဝင်အနည်းဆုံး လေးဦးသေဆုံးသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# မျက်မြင်ကိုယ်တွေ့ ခံစားလေ့လာခွင့်ကြုံခဲ့သော တောင်အာဖရိက ကမ္ဘာ့ဖလားပွဲမြင်ကွင်း

ဘောလုံးခရီးသည်နှင့် မှတ်တမ်းဓာတ်ပုံ-စိုးမိုး(IBC) — စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၆

**အားကစားနည်းပေါင်းများစွာထဲတွင် ဘောလုံးအားကစားမှာ ကမ္ဘာ့လူကြိုက်အများဆုံး Global Sport ဖြစ်သည်ကို လူတိုင်းလက်ခံထားရလေပြီ။ ဘောလုံးမှာအသားအရောင်ခွဲခြားမှုမရှိ၊ လူမျိုးရေးခွဲခြားမှုမရှိ၊ ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိ၊ နေရာတိုင်းတွင် ဘောလုံးအားကစားက တစ်နည်းမဟုတ်တစ်နည်း ဖြစ်တည်နေသည်။ ဘောလုံး၏ လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှု၊ ဆက်နွယ်ရိုက်ခတ်မှုက အလွန်ကြီးမားကျယ်ပြန့်လှသည်။ သို့မို့ကြောင့်ပင် ယနေ့ကမ္ဘာတွင် ဘောလုံးနှင့် လုံးဝကင်းသောနိုင်ငံ၊ လူမျိုးဟူ၍ မရှိတော့သလောက်ပင်....။**

ကမ္ဘာ့အားကစားလောကတွင်လည်း ဘောလုံးက နံပါတ်(၁)နေရာတွင် ခံ့ထည်စွာရပ်တည်နေသည့် အချိန်ကာလ အတော်ကြာညောင်းခဲ့ပေပြီ။ နိုင်ငံတကာအားကစားပြိုင်ပွဲပေါင်းများစွာထဲတွင်လည်း ဘောလုံးပြိုင်ပွဲက လူတွေကို အဖမ်းစားနိုင်ဆုံးဖြစ်နေသည် မဟုတ်ပါလော။ နာမည်မျိုးစုံ၊ အဆင့်အတန်းမျိုးစုံရှိနေသော နိုင်ငံတကာဘောလုံးပြိုင်ပွဲကြီးများထဲတွင်လည်း အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး၊ အကြိတ်အနယ်အရှိဆုံး၊ ဆုကြေးအများဆုံးနှင့် ဂုဏ်သိက္ခာအမြင့်ဆုံး ပြိုင်ပွဲမှာလည်း ကမ္ဘာ့ဖလားပြိုင်ပွဲကြီးပင်ဖြစ်သည်ကို IT ခေတ်၏ ကျေးဇူးကြောင့် လူတိုင်းသိရှိ နားလည်ထားကြလေပြီ။

## လေးနှစ်တစ်ကြိမ်

ဖီဖာကမ္ဘာ့ဖလားပွဲကလည်း တစ်နှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် နောက်ဆုံးသုံးနှစ်တစ်ကြိမ်ကျင်းပသည့် ပြိုင်ပွဲမျိုးမဟုတ်။ လေးနှစ်တစ်ကြိမ်သာ ကျင်းပသည်။ ကမ္ဘာ့အဆင့်မြင့်ဆုံး မဟာဘောလုံးပြိုင်ပွဲကြီးဖြစ်သည်။ ထိုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသောအသင်းမှာလည်း တစ်မှဟုတ်ချင်း ကမ္ဘာသိအသင်း ဖြစ်သွားလေ့ရှိသည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ခွင့်ရသည်ဆိုရုံဖြင့် အလွန်မြင့်မားသော အကျိုးကျေးဇူးများ၊ ဆုကြေးမက်လုံးများ၊ ရရှိခံစားခွင့်ရသည့်အပြင် မိမိအသင်း၏ Image မှာလည်း တစ်ဟုန်ထိုးမြင့်တက်သွားနိုင်မည်ဖြစ်သလို ယင်းနိုင်ငံ၏ ဘောလုံးဂုဏ်သိက္ခာမှာလည်း ကမ္ဘာသိ မြင့်တက်သွားစေတော့သည်။ ထို့ကြောင့် ဖီဖာအဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၈နိုင်ငံစလုံးက ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိရန် အမြင့်ဆုံးမျှော်မှန်း၍ အပြိုင်ကြိုးစားလျက်ရှိနေခြင်းပင်။ လက်လှမ်းမမီနိုင်သေးသော ဘောလုံးနိုင်ငံများပင်လျှင် စိတ်ကူးအိပ်မက်ဖြင့် ကမ္ဘာ့ဖလားပွဲကြီးကို ဝင်ရောက်ဆင်နွှဲနေလေ့ရှိကြသည်။ ကမ္ဘာပေါ်ရှိ ဘောလုံးဝါသနာအိုးတိုင်းကလည်း ကမ္ဘာ့အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုရန် စိတ်ကူးအိပ်မက် မက်နေတတ်ကြသည်။

## ခက်ခဲလှ

လေးနှစ်တစ်ကြိမ် ကျင်းပသည့်ပြိုင်ပွဲကြီးဖြစ်၍ စိတ်ကူးရှိတိုင်း စိတ်ဆန္ဒနှင့် ငွေကြေးအင်အားတောင့်တင်းတိုင်းလည်း ကြည့်ခွင့်ရရန်ခက်လှသည်။ မိမိတို့ ကမ္ဘာ့ဖလားပြိုင်ပွဲလို မဟာအားကစားပြိုင်ပွဲကြီးလိုမျိုး လက်ခံကျင်းပခွင့်မဆိုထားနှင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရဖို့ စိတ်ကူးယဉ်ဖို့ပင် အလွန်ခဲယဉ်းလှသေးသော အာဆီယံဒေသမှ ဘောလုံးဝါသနာရှင်များဆိုလျှင် ကမ္ဘာ့ဖလားပွဲကြီးကို ကိုယ်တွေ့ကြည့်နိုင်ဖို့က သိပ်ကိုခက်ခဲလွန်းလှသည်။ အထူးသဖြင့် စာရေးသူတို့လို ငွေကြေးမချမ်းသာလှသော သာမန်ဘောလုံးဝါသနာရှင် တစ်ယောက်အဖို့ဆိုလျှင် ဖီဖာကမ္ဘာ့ဖလားပွဲကြီးကို နဖူးတွေ့ဒူးတွေ့ ကြည့်ရှုခွင့်ရနိုင်ရေးမှာ အိပ်မက်တစ်ခုပမာပင်။ ပိုက်ဆံရှိလျှင်လည်း အခြေအနေပေးဦးမှ။ အခြေအနေပေးလျှင်လည်း မိုင်ထောင်ချီဝေးကွာလှသော တောင်အာဖရိကလိုနိုင်ငံမျိုးကို လွယ်လွယ်ကူကူ ကမ္ဘာ့ဖလားပွဲသွားကြည့်ရန် ခက်ခဲလှသေးသည်။

သို့သော် စာရေးသူ ကံအလွန်ကောင်းခဲ့သည်။ သာမန်လူများကြည့်ရှုခံစားခွင့်ရရန် ခက်ခဲလွန်းလှသော ကမ္ဘာ့ဖလား ဘောလုံး ခက်ခဲလှသော ဖီဖာဥက္ကဋ္ဌကြီး ဆပ်ဘလတ္တာကို ဦးဇော်ဇော်၏ ခေါ်ယူသွားမှုကြောင့် တွေ့ဆုံနှုတ်ဆက်ခွင့်၊ ဓာတ်ပုံတွဲရိုက်ခွင့်ရခဲ့ခြင်းပင်....။

ကမ္ဘာ့ဖလားပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ထိုက်တန်သည့်အနေအထားမျိုး၊ ဝန်ဆောင်မှုမျိုး ပေးနိုင်အောင် အစွမ်းကုန်ပြင်ဆင် ကြိုးပမ်းထားခဲ့သော တောင်အာဖရိကနိုင်ငံမြို့ကြီးများ စည်ကားသပ်ရပ်လှပမှု၊ ဖွံ့ဖြိုးတိုးတက်နေမှု၊ တောင်အာဖရိကနိုင်ငံသားများ၏ ဘောလုံးအပေါ်ရူးသွပ်မှု၊ စွဲလမ်းစွာအားပေးတတ်မှုနှင့် ဂျိုဟန်နစ္စဘတ်မြို့၏ ဆွဲဆောင်အားကောင်းလှသော မြို့ပြအဆောက်အအုံများစွာကိုလည်း မျက်မြင်လေ့လာခွင့်ရခဲ့သေးသည်။ တဒင်္ဂတွေ့မြင်ရသမျှအရာအားလုံးက အားကျစရာပင်။ စာရေးသူ၏ကံဇာတာက ထိုမျှနှင့်ရပ်မနေသေးဘဲ နောက်ဆက်တွဲကံကောင်းမှုများကို ထိတွေ့ခံစားခွင့်ရခဲ့ပြန်သေးသည်။ ပြင်ပတွင် စာရေးသူတို့လို အာဆီယံဒေသမှ သာမန်လူတန်း



တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် ကျင်းပခဲ့သည့် အေအက်ဖ်စီနှင့် ဖီဖာကွန်ဂရက်အစည်းအဝေးများ တက်ရောက်ကြသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ။

ပြိုင်ပွဲကြီးကို မိမိစရိတ်တစ်ပြားမှမကုန်ဘဲ မျက်မြင်ကိုယ်တွေ့ သွားရောက်ကြည့်ရှုလေ့လာခွင့်ရရှိခဲ့သည်။ အလွန်ရတောင့်ရခဲသော မဟာအခွင့်အရေးကြီးကို ရလိုက်ချိန်တွင် ထီသန်းချီဆုကြီးပေါက်သည်ဟု အိပ်မက်မက်သလို ခံစားခဲ့ရသည်။ ပျော်လိုက်သည်ဖြစ်ခြင်းက တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် ကျင်းပမည့် အေအက်ဖ်စီနှင့် ဖီဖာကွန်ဂရက်အစည်းအဝေးများတက်ရန်ရှိနေသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က မိမိအား ၎င်းဦးဆောင်သည့် ဘောလုံးကိုယ်စားလှယ်အဖွဲ့တွင် လေ့လာသူအဖြစ်လိုက်ခဲ့ရန် ပြောသည့်အချိန်တွင် ပျော်စိတ်က အသိစိတ်ကို ခေတ္တဖုံးကွယ်သွားပြီး "ငါအိပ်မက်မက်နေတာလား" ဟုပင် ခံစားခဲ့ရသေးသည်။

## တက်ရောက်ခွင့်ရ

နှစ်ပေါင်းများစွာ အိပ်မက်ခဲ့ရသော ကမ္ဘာ့ဖလားပွဲကြီးကို ကိုယ်တွေ့သွားရောက်ကြည့်ရှုခွင့် မဟာအခွင့်အရေးတစ်ခု ကျွန်တော် အမှန်တကယ် ရရှိခဲ့လေပြီ။ ပို၍တန်ဖိုးရှိလှသည်က ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပွဲကြည့်ခွင့်ပင်မကဘဲ သာမန်ဘောလုံးအဖွဲ့ချုပ် Official တစ်ဦး ရောက်ခဲလှသော အေအက်ဖ်စီနှင့် ဖီဖာကွန်ဂရက်ကဲ့သို့ အလွန်ကြီးကျယ်ခမ်းနားလှသော အဆင့်မြင့် နိုင်ငံတကာဘောလုံးအစည်းအဝေးကြီးနှစ်ရပ်ကိုပါ ကံကောင်းထောက်မစွာ လေ့လာသူအဖြစ် တက်ရောက်ခွင့်ရခဲ့သည်။ ကြီးကျယ်ခမ်းနားလှသော စတိတ်စင်မြင့်ကြီးထက်တွင် ကမ္ဘာကျော် ပေါ့အဆိုတော် ရှာကီရာအပါအဝင် နာမည်ကြီးအဆိုတော်ပေါင်းများစွာ၏အနုပညာ Performance အပြည့်ဖြင့် ဖျော်ဖြေတင်ဆက်သော FIFA World Cup Concent ကိုလည်း Colando Stadium ကြီးတွင် အနီးကပ်ကြည့်နေခွင့်ရသေးသည်။ ထို့ထက် ကံကောင်းသည်က အလွန်အလုပ်များပြီး အလွန်တွေ့ခွင့်ရရန် စားများ တွေ့မြင်ခွင့်ရရန်ခက်ခဲလှသော ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်၊ ကမ္ဘာကျော် ဘောလုံးသမားဟောင်းကြီးများဖြစ်သည့် ပလာတီနီ၊ (UEFA ဥက္ကဋ္ဌ)ဘက်ကင်ဘောင်ဝါနှင့် ဇစ်ကိုမှအစ ရဂူးလစ်အလယ်၊ အာဆင်နယ်တိုက်စစ်မှူး အာရှာဗင်အဆုံး ကမ္ဘာ့ဘောလုံးလောကမှ အထင်ကရပုဂ္ဂိုလ်များကို လက်ဆွဲနှုတ်ဆက်ခွင့်၊ ဓာတ်ပုံတွဲရိုက်ခွင့်ရခဲ့ခြင်းနှင့် ယနေ့အချိန်အထိ သူ၏ Image ကို မည်သူမျှ လိုက်မမီသေးသော ကမ္ဘာ့ဘောလုံးမင်းသား ဒေးဗစ်ဘက်ခမ်းကိုပါ နှုတ်ဆက် ဓာတ်ပုံတွဲရိုက်ခွင့်ရခဲ့ခြင်းပင် ဖြစ်ပါ၏။

## ဝမ်းမြောက်စရာ

တောင်အာဖရိက တစ်ပတ်တာခရီးစဉ်မှာ စာရေးသူအတွက် အရာရာအံ့သြမှင်တက် ဝမ်းမြောက်စရာဖြစ်နေခဲ့သည်။ နိဒါန်းအချီးပေါင်းများစွာကို ဤမျှလောက်ရှည်လျားစွာ ရေးသားနေမိခြင်းကိုကြည့်ရုံမျှဖြင့် စာရေးသူအတွက် တောင်အာဖရိက ကမ္ဘာ့ဖလားပွဲ အတွေ့အကြုံက အလွန်စိတ်လှုပ်ရှားစရာ ခမ်းနားထည်ဝါသည်ကို သိရှိမှုဝေလို၍ ဖြစ်ပေသည်။ ထပ်မံ၍ အေအက်ဖ်စီနှင့် ဖီဖာကွန်ဂရက်အစည်းအဝေး အပါအဝင် အားကျအတုယူဖွယ်ကောင်းလှသော တောင်အာဖရိက ကမ္ဘာ့ဖလားပွဲ၏ ပုံရိပ်များ၊ ပြင်ဆင်ထားမှုများ၊ စိတ်ဝင်စားဖွယ် ကောင်းသော ဘောလုံးခရီး အတွေ့အကြုံများကို ဆက်လက်ရေးသားဖော်ပြသွားပါဦးမည်။ ။



ကမ္ဘာ့ဖလားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ပရိသတ်များက ဤမျှ များပြားလှသည်။

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ



မောင်ချစ်ကြည် - စုစည်းသည်

## အမေရိကန်-ဂျပန်ဆေးရုံသင်္ဘော ကမ္ဘောဒီးယားသို့ရောက်ရှိ

*အမေရိကန်-ဂျပန်ဆေးရုံသင်္ဘောသည် ကမ္ဘောဒီးယားအစိုးရ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ဇွန် ၁၆ရက်က ရောက်ရှိလာကြောင်း၊ ဆေးကုသမှုဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။*

## အီဂျစ်-ဂါဇာနယ်စပ်၌ ဥမင်ပြိုကျမှုဖြစ်ပွား

***ပါလက်စတိုင်း ဂါဇာမြို့ နယ်စပ်နှင့် အီဂျစ်နယ်စပ်တွင်ရှိသော ဥမင်လိုဏ်ခေါင်း တစ်ခု ဇွန် ၁၆ရက် နံနက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းတစ်ဦးသေဆုံးခဲ့ကြောင်း၊ ယခုနှစ်အတွင်း ဥမင်များပြိုကျမှုကြောင့် ပါလက်စတိုင်း ၁၅၀ခန့်သေဆုံးခဲ့ရပြီးဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။***

## အိန္ဒိယလေတပ် ဂျက်တိုက်လေယာဉ်ပျက်ကျ

*အိန္ဒိယလေတပ်မှ အမ်အိုင်ဂျီ-၂၁ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ပန်ဂျပ်ပြည်နယ်မြောက်ပိုင်းတွင် လေ့ကျင့်ပျံသန်းမှုများပြုလုပ်စဉ် ဇွန် ၁၆ရက် နံနက်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း အိန္ဒိယလေတပ်အရာရှိများက ဇွန် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။*

## သြစတြေးလျဝန်ကြီးချုပ် နယူးဇီလန်သို့ သွားရောက်မည်

***သြစတြေးလျဝန်ကြီးချုပ် ကီဗင်ရုဒ်သည် နယူးဇီလန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ဇွန် ၂၉ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့အတွက်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။***

## ပြင်သစ်တောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

*ပြင်သစ်နိုင်ငံတောင်ပိုင်း ကိုတီဒီအဇူရာဒေသတွင် ဇွန် ၁၆ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး နေအိမ်အများအပြား ရေလွှမ်းခံခဲ့ရကြောင်း သတင်းထုတ်ပြန်သည်။* ***(အောက်ပုံ)***



## တရုတ်ဒုတိယသမ္မတ လာအိုသို့ အလည်အပတ်ရောက်ရှိ

***တရုတ်နိုင်ငံ ဒုတိယသမ္မတ ရှီကျန့်ဖင်းသည် ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အဖြစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဇွန် ၁၆ရက်က ရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက်ဖြစ်ကြောင်း လာအိုအရာရှိများက ပြောကြားသည်။***

## ရုရှားက ခေတ်မီလက်နက်များ ထုတ်လုပ်မည်

*ရုရှားစစ်ဘက်အတွက် ခေတ်မီလက်နက်များထုတ်လုပ်ရန် လာမည့်ငါးနှစ်မှ ခြောက်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ဘီလီယံခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ရုရှားကြည်းတပ်အတွက် လာမည့်နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ဒသမ၈ဘီလီယံခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း ရုရှားစစ်ဘက်က ဇွန် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။*

## အီဂျစ်နှင့်ပါလက်စတိုင်း သမ္မတနှစ်ဦးတို့ ဆွေးနွေး

***အီဂျစ်သမ္မတ မူဘာရက်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့သည် ဂါဇာကမ်းမြောင်ဒေသနှင့် ပါလက်စတိုင်း-အစ္စရေးပြဿနာများကို ဇွန် ၁၆ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တွေ့ဆုံဆွေးနွေးကြကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။***

## အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ဆီးရီးယားသို့ ရောက်ရှိ

*အမေရိကန်နိုင်ငံမှ မိုက်ခရိုဆော့ဖ်၊ ဒဲလ်၊ စီအက်စကို၊ စီမွန်နှင့် ဖရာဆာနည်းပညာကုမ္ပဏီများမှ နည်းပညာကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံအိုင်တီပညာရပ်များ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးရေးအတွက် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ဇွန် ၁၆ရက်၌ ရောက်ရှိလာကြောင်း ဆီးရီးယားအရာရှိများက ပြောကြားသည်။ ။* ***(အင်တာနက်)***

# (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ
## အားကစားဝန်ကြီးဌာနဝန်ကြီးသူရဦးအေးမြင့် တက်ရောက်ဆုချီးမြှင့်



ရန်ကုန် ဇွန် ၁၆

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်သည် ဇွန် ၁၄ ရက် ညနေ ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပသော ၂၀၁၀ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။** (အပေါ်ပုံ)

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် အနိုင်ရရှိကြသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရ ကယားပြည်နယ်မှ အေးစံပယ်နှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ ရန်ကုန်တိုင်းမှ စောမင်းနိုင်တို့အားလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးအသင်းနည်းပြဆုရရှိသည့် ဦးဝင်းထွန်းလင်း (ရန်ကုန်တိုင်း)နှင့် အကောင်းဆုံး အမျိုးသားအသင်းနည်းပြဆုရရှိသည့် ဦးကျော်ကျော်ထူး (ရန်ကုန်တိုင်း)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးသူရဦးအေးမြင့်က ရွှေတံဆိပ် ၁၀ဆု၊ ငွေတံဆိပ်သုံးဆုနှင့် ကြေးတံဆိပ် တစ်ဆုရရှိသော ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် ရွှေတံဆိပ်၁၂ဆုနှင့် ငွေတံဆိပ်တစ်ဆုရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေနံချက်စက်ရုံ (သန်လျင်) ရှိ ဝန်ထမ်းများအား အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု
## ကွင်းဆင်းကုသဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

ကျန်းမာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနနှင့် တီဘီရောဂါတိုက်ဖျက်ရေးဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့် မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိဆရာဝန်များသည် ဇွန် ၁၄ရက်က အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဝန်ထမ်းများနှင့် မိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။**(ယာပုံ)**

**ဆက်လက်ကုသပေးမည်**

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါစစ်ဆေးကုသပေးခြင်း၊ မျက်စိရောဂါစမ်းသပ်စစ်ဆေးပေးခြင်း၊ နှလုံးရောဂါရှိမရှိ အီးစီဂျီရိုက် စစ်ဆေးပေးခြင်း၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း နယ်လှည့်ဓာတ်မှန်ရိုက်ယာဉ်ဖြင့် စက်ရုံအရောက်ဝန်ထမ်းနှင့် မိသားစုများအား(၁၄×၁၄)လက်မ ဓာတ်မှန်ရိုက်၍ ရောဂါရှိသူများအား သလိပ်စစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်းတို့ကို ဆောင်ရွက်ပေးသည့်အပြင် စက်ရုံ၏ ပတ်ဝန်းကျင်ကျန်းမာရေးအနေအထားကို သိသာနိုင်ရန် စက်ရုံပတ်ဝန်းကျင် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ စက်ရုံပတ်ဝန်းကျင်ရှိ အပူ၊ အလင်း၊ ဆူညံသံ တိုင်းတာခြင်းများကို ဇွန်၁၇ရက်အထိ ပြုလုပ်ပေးမည် ဖြစ်ကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)၊ မက်သနောစက်ရုံ(ဆိပ်သာ)၊ အမှတ်(၄)ဓာတ်မြေဩဇာစီမံကိန်း (မြောင်းတကာ) နှင့် အမှတ်(၅)ဓာတ်မြေဩဇာ စီမံကိန်း (ပုသိမ်)ရှိ ဝန်ထမ်းများနှင့် မိသားစုများအား ဆက်လက်စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
## ၂၆-၆-၂၀၁၀

**International Day Against Drug Abuse and Illicit Trafficking 26.6.2010**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့
## ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation ဥက္ကဋ္ဌ Mr. Tang Yi နှင့် Chief Representative Mr.Richard Wangတို့သည် ဇွန်၄ရက်က အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလိုသည့်ကိစ္စ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ရယူလိုခြင်းကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

# စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

*ရန်ကုန် ဇွန် ၁၆*

*ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၀ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၇)ကို ဘာသာပြန်စာပေများ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။*

*ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွန့်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ပါမောက္ခဒေါက်တာအောင်မြင့်ဦး(မြန်မာစာ)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ တင်ကြည်အောင်(တွံတေး)၊ ခင်စောတင့်၊ ဒေါက်တာမြင့်မြင့်သိန်း စသည့်စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများပါဝင်သည်။*

*အဆိုပါ သုတပဒေသာစာစောင်တွင် မာတီ၊ ရှေးအဲဒိုခေတ်က ပြည်သူကြိုက် ပန်းချီ၊ တစ်ဟုန်ထိုးတိုးတက်လာသော ဒူဘိုင်း၊ ရေအောက်ဥမင် စူးစမ်းချင်သူ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဟိမဝန္တာရေခဲမြစ်များ၊ အာရှတိုက်က လေသန့်၊ သင်ပန်းသီးလား သစ်တော်သီးလား၊ လက်ဖက်ရည်ကြမ်း၏ စွမ်းပကား၊ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ၊ ၂၀၅၀အမီ ရေအရင်းအမြစ်၊ ပန်းသီးတစ်လုံး နေ့စဉ်စားသုံးခြင်း၏ အကျိုး၊ မိတ်ဆွေများ၏ မိခင်၊ ဆန်းသစ်ဖွေရှာဆေးပညာ၊ စာရေးကောင်းသူဖြစ်လိုသော်၊ ကလေးကြီးထွားဖွံ့ဖြိုးမှုအပေါ် မိသားစုဘဝ၏ လွှမ်းမိုးထားမှုများ၊ မှန်သားပြင်က စာ၊ စံဘာသာစကား၊ ကိုယ့်ဘဝကိုယ်ဖန်တီးပါ၊ အံ့ဖွယ်ဖြစ်စဉ်မှ သူရဲကောင်း၊ ၂၁ရာစု ဆရာဝန်တစ်ဦး၏ မှတ်စုများ၊ ဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျ ဘာသာပြန်ကဗျာနှင့် နိုင်ငံတကာမြင်ကွင်း၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ နိုင်ငံတကာ ရယ်စရာဟာသ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတ၊ ရသ အကြောင်းအရာမျိုးစုံပါရှိသည်။*

*ယခုလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။* ***(သတင်းစဉ်)***

**မော်ဘီမြို့နယ် မြို့မဈေး၊ မြောင်းတကာဈေး၊ ဝါးနက်ချောင်း ဈေးများအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ဇွန်၁၁ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်၊ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဦး၊ ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့် သက်ဆိုင်ရာ ဈေးတာဝန်ခံများက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)

# အထူးဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

MRS Computer Sales & Service Centre ၏ Notebook အထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၈ရက်မှ ၂၅ရက်အထိ MRS Sales & Service တည်ရှိရာ ဘိုကလေးဈေးလမ်း (အောက်ဆုံးဘလောက်)၌ ကျင်းပမည်ဖြစ်သည်။

အထူးဈေးရောင်း ပွဲတော်ကာလအတွင်း Notebookများကို အလွန်ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည့်အပြင် လက်ဆောင်များစွာလည်း ပေးအပ်သွားမည်ဖြစ်ကာ အခြားဆက်စပ် ပစ္စည်းများဝယ်ယူလျှင် အထူးသက်သာသော ဈေးနှုန်း Bundle Price ဖြင့် ဝယ်ယူရရှိနိုင်သော အစီအစဉ်ကိုလည်း ပြုလုပ်ပေးထားသည်။

MRS Computer Sales & Service Centre သည် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေရုံသာမက Cable Network, Wireless Network Installation များအတွက် Corporate Level အထိ ဝန်ဆောင်မှုပေးခြင်း၊ Computer အများအပြား အသုံးပြုထားပြီး Service လုပ်ရန် အခက်အခဲကြုံတွေ့နေရသော အဖွဲ့အစည်းများအတွက် Service Contract ပြုလုပ်ပေးခြင်း၊ Internet Cafe, Game Centre များအတွက် ဆိုင်အဆင်သင့်ဖွင့်နိုင်သည်အထိ One Stop Service ပြုလုပ်ပေးခြင်း၊ Seminar များ၊ အခမ်းအနားများအတွက် ကွန်ပျူတာ LCD Projector, Tripod Screen များ ငှားရမ်းပေးခြင်း (Rental Service)၊ အပိုပစ္စည်းရှာရန်ခက်ခဲသော Notebook မျိုးစုံကို Service ပြုလုပ်ပေးခြင်း စသော ဝန်ဆောင်မှုအများအပြား ပြုလုပ်ပေးလျက်ရှိသည်။

**ဆက်သွယ်မေးမြန်းနိုင်**

ဇွန် ၁၈ရက်မှ၂၅ရက် Promotion ကာလအတွင်း Service Contract ချုပ်ဆိုသူများနှင့် Rental Service တို့အတွက်လည်း ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အသေးစိတ်စုံစမ်းသိရှိလိုပါက အမှတ် ၅၁-၅၃ ဘိုကလေးဈေးလမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၁၃၈ နှင့် ၃၉၂၂၅၉ တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**



# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ် (၄၆၀)၊ (၄ လွှာ) တွင် ပါတီရုံးချုပ်တည်ရှိသော ကမန်အမျိုးသားတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ ဂုဏ်ပြုပွဲ ကျင်းပရေးစည်းဝေး

သီပေါ ဇွန် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲစာစစ်ဌာနခံအမှတ် ရမ(၉၄) ခြောက်ဘာသာဂုဏ်ထူးရှင် မအေးချမ်းဇော်လင်းအား ဂုဏ်ပြုပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၅ရက် မွန်းလွဲ ၂နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဂုဏ်ပြုစကား

ရှေးဦးစွာ ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသိန်းရှင်နှင့် အတန်းပိုင် ဆရာမ ဒေါ်နန်းငွေရီတို့က ဂုဏ်ပြုစကား ပြောကြားကြသည်။ (၀၂၀)

## ဆမ်းဘားဘုရင်တို့ အောင်ပွဲခံ
## မြောက်ကိုရီးယားတို့ ခြေစွမ်းပြကစားနိုင်ခဲ့

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၁၆

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၄)အဖြစ် အုပ်စု(ဆ)မှ ဘရာဇီးနှင့် မြောက်ကိုရီးယားတို့ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ အဲလစ်ပါ့ခ် ဘောလုံးကွင်း၌ ဇွန် ၁၆ရက်က ယှဉ်ပြိုင်ကစားရာ နာမည်ကျော်ဘရာဇီးတို့ ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းရောက်မှသာ ဂိုးသွင်းကာ နိုင်ပွဲရ သက်မချနိုင်ခဲ့သည်။

### လူအခင်းအကျင်း

ဘရာဇီးနည်းပြ ဒွန်ဂါသည် မြောက်ကိုရီးယားအသင်းကို အလေးအနက်ထားပြီး ၄း၅း၁ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သလို မြောက်ကိုရီးယားနည်းပြ ကင်ဂျုံဟန်ကလည်း ၄း၄း၂ ဗျူဟာဖြင့် ဘရာဇီးကို မာမာတင်းတင်း ရင်ဆိုင်ခဲ့သည်။ မြောက်ကိုရီးယားတိုက်စစ်မှူးများက ဘရာဇီးကိုရှိန်မနေဘဲ ရဲရဲဝံ့ဝံ့ဝင်ထွက်ကစားခဲ့သည်။

### နေရာချ

ဘရာဇီးနောက်တန်းတွင် မိုင်ကွန်၊ ဘက်စတို၊ ဂျွန်နှင့် လူစီရိုတို့ကို အထိုင်ချထားပြီး ကွင်းလယ်နှင့် တိုက်စစ်တွင် ကာကာ၊ ဖာဘီယာနို၊ ဆီးလ်ဗား၊ အီလာနို၊ မီလို၊ ရော်ဘင်ဟိုတို့ကို စိတ်ကြိုက် လွတ်လပ်စွာ လှုပ်ရှားကစားနိုင်ရန် နေရာချခဲ့သည်။ မြောက်ကိုရီးယားတို့ကလည်း ပတ်ဂျင်ဟို၊ ယောင်ဂျိုဟောင်၊ တေစီရောင်၊ ယောင်ဟက်အင်၊ အင်ဂွတ်မွန်နှင့် ဂျီယန်နန်တို့ကို ရှေ့တန်းနှင့် ကွင်းလယ်တို့တွင် ခင်းကျင်းကာ ဘရာဇီးနောက်တန်းကို ထိုးဖောက်ကစားစေခဲ့သည်။



ဘရာဇီးအတွက် အဖွင့်ဂိုးကို မိုင်ကွန်(ယာ)က ဤသို့ ကြိုးစား သွင်းယူပေးခဲ့သည်။

### ဂိုးမသွင်းနိုင်

ဘရာဇီးကစားသမားများက ပွဲစတင်သည်နှင့် ကစားကွက်ကို ထိန်းကာ မြောက်ကိုရီးယားတို့ ကစားအားကို စောင့်ကြည့်ခဲ့သည်။ မြောက်ကိုရီးယားတို့က စောစီးစွာ ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သဖြင့် ဘရာဇီးတို့ ဟန့်တားထိန်းချုပ်ကာ ဂိုးသွင်းယူရေးထက် ဂိုးမပေးရရေးနှင့် ကစားကွက်စီးထားနိုင်ရေး အားထုတ်ခဲ့သဖြင့် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ချေ။

### ဂိုးစသွင်းယူ

ဒုတိယပိုင်း ၅၅မိနစ်တွင် ကွင်းလယ်မှ ဘယ်ခြမ်းသို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဘရာဇီးနောက်တန်းကစားသမား မိုင်ကွန်ကြိုးစားလိုက်ထိန်းပြီး လျှပ်တစ်ပြက်ကန်သွင်းခဲ့သဖြင့် မြောက်ကိုရီးယားဂိုးသမား မြောင်ဂွတ်ရီ မည်သို့မျှ မဟန့်တားနိုင်ဘဲ ဂိုးပေးလိုက်ရသည်။ ဘရာဇီးတို့ အဖွင့်ဂိုးစတင်သွင်းယူနိုင်ခဲ့ပြီး ကွင်းလယ်ကစားကွက်ကိုလည်း ထိန်းချုပ်နိုင်ခဲ့သည်။

### ဒုတိယဂိုး

မြောက်ကိုရီးယားတို့ ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့သော်လည်း ဘရာဇီးတို့က တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့်အတူ တည်ငြိမ်စွာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားခဲ့သည်။ ၇၂မိနစ်၌ ရော်ဘင်ဟိုကွင်းလယ်မှ ချပေးလိုက်သည့်ဘောလုံးကို အီလာနိုရရှိသွားပြီး မြောက်ကိုရီးယားဂိုးသမားနှင့် တစ်ဦးချင်းအတွေ့၌ အသာအယာပင် သွင်းယူခဲ့ရာ ဘရာဇီးတို့ ဒုတိယဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

### ချေပဂိုး

ဘရာဇီးတို့က ဒုတိယပိုင်းတွင် နှစ်ဂိုးအသာဖြင့်ကစားနေသော်လည်း မြောက်ကိုရီးယားတို့ စိတ်ဓာတ်ပြင်းပြင်းဖြင့် ဂိုးရရှိရေး ဆက်လက်ကြိုးစားခဲ့သည်။ ၈၉ မိနစ်၌ အလွတ်တည်ကန်ဘောမှ တစ်ဆင့်ရရှိခဲ့သော ဘောလုံးကို ဂျီယန်နန် ကန်သွင်းယူခဲ့သဖြင့် မြောက်ကိုရီးယားတို့ ချေပဂိုးရရှိခဲ့သည်။

### သုံးမှတ်အပြည့်ရ

နာမည်ကြီး ဘရာဇီးတို့ ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သဖြင့် ၂၀၁၀ကမ္ဘာ့ဖလားအဖွင့်ပွဲ၌ သုံးမှတ် အပြည့်ရယူနိုင်ခဲ့သည်။ ကမ္ဘာ့ဖလားရယူရေးခရီးအစတွင် သုံးမှတ်အပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

# တောင်ကိုရီးယားတို့ အာရှဂုဏ် ထပ်ဆောင်နိုင်ပါ့မလား
# အာဖရိကလင်းယုန်တို့ ခက်ခဲစွာ ကျော်ဖြတ်ရမည့်ဂရိ

➤ သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၆

**ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ အုပ်စုအလိုက် တစ်ပွဲစီကစားပြီးဖြစ်ရာ ဒုတိယပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်နေကြပေပြီ။ ဇွန် ၁၇ရက် (ယနေ့) တွင် အာဂျင်တီးနားနှင့် တောင်ကိုရီးယား၊ ဂရိနှင့် နိုင်ဂျီးရီးယား၊ ပြင်သစ်နှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အုပ်စုမှ နောက်တစ်ဆင့်တက်ရေးအတွက် ရလဒ်ပြတ်သားမှု ထွက်ပေါ်စေရန် အကြိတ်အနယ်နွှဲကြရမည့် ပွဲများပင်ဖြစ်သည်။**

### အာဂျင်တီးနားနှင့် တောင်ကိုရီးယား

အုပ်စု(ခ)မှ အသင်းများဖြစ်ပြီး အာဂျင်တီးနားက ပထမပွဲစဉ်၌ နိုင်ဂျီးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး သုံးမှတ်အပြည့်ရရှိထားသည်။ တောင်ကိုရီးယားကလည်း အဖွင့်ပွဲစဉ်၌ ဂရိကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားပြီး သုံးမှတ်ရယူထားနိုင်သည်။ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရေးအတွက် အရေးကြီးသော ရမှတ်များလိုအပ်နေရာ အမှားမခံဘဲ ထိန်းကစားကြမည်ဖြစ်သည်။

အာဂျင်တီးနား၏ နိုင်ဂျီးရီးယားနှင့်ပွဲ၌ ကစားခဲ့သော အနေအထားက အားရစရာမရှိချေ။ တိုက်စစ်တွင် မက်ဆီအပေါ်အားကိုးလွန်းနေသည်။ ကွင်းလယ်မှ ဘောလုံးများ မက်ဆီထံ အရောက်များနေသဖြင့် အာဂျင်တီးနားတိုက်စစ်က ဟုန်နေသည်။ ကွင်းလယ်တွင် ဗီရွန်က အသက်အရွယ်အရ ကျနေပြီဖြစ်ရာ ထိရောက်သည့်တိုက်စစ်အဖြစ် ပုံဖော်မပေးနိုင်တော့ချေ။ အာဂျင်တီးနားနောက်တန်းတွင် ဟိန့်ဇ်က အဖွင့်ပွဲ၌ ခေါင်းတိုက်ဂိုးသွင်းနိုင်သော်လည်း လျင်မြန်ပြီး အားပါသော တစ်ဖက်အသင်းလူငယ်တိုက်စစ်မှူးများကို ဟန့်တားနိုင်မှုနှေးနေသည်။တိုက်စစ် မသေသပ်သော နိုင်ဂျီးရီးယားတို့ကြောင့် အာဂျင်တီးနားတို့ ကံကောင်းစွာသုံးမှတ်ရခဲ့ခြင်းဖြစ်သည်။ နည်းပြ မာရာဒိုနာအနေဖြင့် နိုင်ဂျီးရီးယားနှင့် ကစားခဲ့သည့် လူစာရင်းအတိုင်းထွက်လာလျှင် တောင်ကိုရီးယားတို့ ပညာပေးခြင်းကို မမျှော်လင့်ဘဲခံစားသွားရနိုင်သည်။ သို့သော် ဝါနှင့်သမ္ဘာတွင် တောင်ကိုရီးယားတို့ အာဂျင်တီးနားကို မယှဉ်နိုင်။ဥရောပဘောလုံးစင်မြင့်တွင် အာဂျင်တီးနားကစားသမားများက ထင်ထင်ရှားရှား နေရာယူထားကြသည်။ ပြိုင်ဘက်အသင်း ကစားအားအခြေအနေကိုလိုက်ပြီး အာဂျင်တီးနားတို့ ကစားနိုင်သည့်အား ရှိနေသည်။

တောင်ကိုရီးယားတို့က ပြည်တွင်းဖြစ်နည်းပြဖြင့် ဂရိအသင်းကို ခြေစွမ်းပြအနိုင်ယူထားသဖြင့် ပြိုင်ဘက်အသင်းများ အံ့အားသင့်နေကြသည်။ တောင်ကိုရီးယားတို့ ခြေစွမ်းတိုးတက်လာမှုကို အာဂျင်တီးနားတို့လက်ခံထားရပြီ ဖြစ်သည်။ နည်းပြ မာရာဒိုနာက မိမိတို့အသင်း တောင်ကိုရီးယားကို အကြိတ်အနယ်ကစားရမည်ဟု ဝန်ခံပြောကြားထားသည်။ တောင်ကိုရီးယားအသင်း၏ ကစားအားအတက်အကျသည် အသင်းခေါင်းဆောင် ပတ်ဂျီဆန်အပေါ် တည်နေသည်။ ပတ်ဂျီဆန်က ဂိုးရရှိရေး လုပ်တတ်ကိုင်တတ်သည်။ ဂိုးသွင်းနိုင်အောင်ဖန်တီးပေးနိုင်သလို ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်သည်။ တောင်ကိုရီးယားအသင်းက အပေးအယူ အချိတ်အဆက်ကောင်းသည်။ တစ်ဖက်အသင်း အားနည်းချက်ကို သိပြီး ထိုးဖောက်တတ်သည်ဖြစ်ရာ အာဂျင်တီးနားကို ခြေရည်တူယှဉ်နိုင်သည့် အနေအထားရှိသည်။ ယခုအာဂျင်တီးနားနှင့်ပွဲတွင် ဂရိကို အနိုင်ကစားခဲ့သည့် ကစားသမားစာရင်းအတိုင်း ပွဲထွက်လာဖို့များနေသည်။ တောင်ကိုရီးယားတို့ အာရှ၏ဂုဏ်ဒြပ်ကို ထပ်ဆောင်နိုင်မှု ရှိ၊မရှိကြည့်ရမည်။ အာဂျင်တီးနားကို ပို၍ စိတ်တိုင်းကျသည် မှန်သော်လည်း တောင်ကိုရီးယားတို့ကလည်း အားကောင်းသည်ဖြစ်ရာ နိုင်ပွဲအခွင့်အရေး ဆတူဖြစ်နေပြီး အနိုင်ဆိုလျှင် အာဂျင်တီးနားတို့ကပ်၍ အသာရသွားနိုင်ပေသည်။

### ဂရိနှင့် နိုင်ဂျီးရီးယား

အရှုံးသမားတို့ ထိပ်တိုက်ဆုံတွေ့သည့် ပွဲစဉ်ဖြစ်ရာ ယှဉ်ပြိုင်မှု ပြင်းထန်မည်မှာ သေချာသည်။ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် နှစ်သင်းစလုံးခြေကုန်ထုတ်ကြရမည်။ ဂရိက တောင်ကိုရီးယားကို နှစ်ဂိုးပြတ်ရှုံးခဲ့သည့်အတွက် ခံစားမှုနက်ရှိုင်းနေသလို နိုင်ဂျီးရီးယားကလည်း အဖွင့်ပွဲစဉ်၌ အမှတ်ဗလာဖြစ်ခဲ့ရာ ယခုပွဲ၌ အမှတ်ရအောင်ကြိုးစားမည်ဖြစ်သည်။ ဂရိနည်းပြ ရက်ဟာဂယ်က အသက် ၇၂နှစ်ရှိပြီ။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်း နည်းပြများ၌ အသက်အကြီးဆုံး နည်းပြအတွေ့အကြုံ ၃၅နှစ်ရှိပြီဖြစ်သော်လည်း လက်တွေ့နည်းဗျူဟာအပိုင်း၌ ထက်မြက် ထိရောက်မှု မရှိတော့။ တိုက်စစ်တွင် ဒီမီထရစ်၊ သီအိုဖာနစ်နှင့် ကာပီတာနော့စ်တို့ကို အသုံးချမှုလိုအပ်နေသည်။ ဂရိတိုက်စစ်သည် အစွမ်းမထက်သလို နောက်တန်းကလည်း အမှားအယွင်းများနေသည်။ လက်ရှိဂရိနောက်တန်းကို ပြုပြင်မထားပါက တိုက်အားတွန်းအားကောင်းသည့် ယာကူဘူတို့ကို ထိန်းနိုင်မည်မဟုတ်ချေ။ အာဖရိကလင်းယုန်များက ယခုပွဲ၌ အာဖရိကဂုဏ်ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးစားတော့မည်ဖြစ်သည်။



နိုင်ဂျီးရီးယားအတွက် နိုင်ပွဲရအောင် ယာကူဘူ ဖန်တီးပေးနိုင်မှာလား။

နိုင်ဂျီးရီးယားတို့က အဆုံးသတ်မှု မကောင်းသော်လည်း အသင်းလိုက်ကစားမှုက အားပါသည်။ အဖွင့်ပွဲစဉ်၌ အာဂျင်တီးနားတို့ ကံကောင်း၍ နိုင်ပွဲရသွားခြင်းဖြစ်သည်။ ယခု ဂရိနှင့်ပွဲတွင် အကောင်းဆုံးအနေအထားဖြင့် ယှဉ်ပြိုင်နိုင်သည့် ကစားသမားများရှိနေသည်။ အီတူဟူ၊ မာတင်၊ ယိုဘို၊ အိုဒစ်နှင့် ယာကူဘူတို့က အားထားရသည်။ အာဂျင်တီးနားနှင့်ပွဲတွင် ထုတ်သုံးခဲ့သည့် တိုက်စစ်ကို ပြုပြင်လျှင် ဂရိကို နိုင်ဂျီးရီးယားတို့ သုံးမှတ်အပြည့် ရယူသွားနိုင်သည်။ စိတ်တိုင်းကျသည်မှာလည်း အာဖရိက လင်းယုန်များပင်ဖြစ်သည်။

### ပြင်သစ်နှင့် မက္ကဆီကို

အုပ်စု(က)၌ ပြင်သစ်နှင့် မက္ကဆီကိုတို့ကို ပွဲဦးထွက်၌ တစ်မှတ်စီရရှိထားသည်။ နှစ်သင်းစလုံး နိုင်ပွဲလိုအပ်နေသည်ဖြစ်ရာ ပြတ်သားသောရလဒ်ရရှိရန် ခြေကုန်လွှတ်ရတော့မည်ဖြစ်သည်။ ခြေကုန်မထုတ်၍မဖြစ်။ နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် နိုင်ပွဲရမှဖြစ်မည်။ ပြင်သစ်တို့ ခြေစွမ်းက လူများပြီးပွဲမစည်၊ မက္ကဆီကိုတို့ကလည်း မှန်းထားသလောက် ခြေစွမ်းမထွက်လာ။ နည်းပြနှစ်ဦးဖြစ်သည့် ဒိုမီနစ်နှင့် အက်ဂွီရီတို့အားပြိုင်ရတော့မည်။ဗျူဟာအခင်းအကျင်းနှင့် နည်းစနစ်ပိုင်းသာလွန်သူကသာ သုံးမှတ်အပြည့်သိမ်းဆည်းနိုင်မည်။ ပြင်သစ်နည်းပြ ဒိုမီနစ်အနေဖြင့် ဥရုဂွေးနှင့်ပွဲ၌ ထုတ်သုံးခဲ့သည့် အနယ်လ်ကာနှင့် ရစ်ဘာရီအနေအထားကိုပြောင်းလဲရတော့မည်။ကွင်းလယ်၌ တိုယာလန်၊ ဒီရာဘိုင်နှင့် မာလူဒါတို့က အထိုင်ကျနေသည်။ တိုက်စစ်ကိုပံ့ပိုးနိုင်သည်။ ကစားကွက်ထိန်းနိုင်သည်။ပထမပွဲစဉ်၌ အရန်သုံးခဲ့သော မာလူဒါကို ပွဲထွက်ကစားသမားအဖြစ်သုံးလျှင် တိုက်စစ်ကိုပိုပြီး တွန်းအားပေးနိုင်သည်။



ပြင်သစ်အတွက် ဂိုးသွင်းပေးဖို့ လိုအပ်နေသည့် ရစ်ဘာရီ။

မက္ကဆီကိုရှေ့တန်းတွင်လည်း ဗီလာ၊ ဂလိုဗာနီနှင့် ဖရန်ကိုတို့က ဂိုးပေါက်မတည့်။ နောက်တန်းမှ မားကွတ်ဇ်ဂိုးတက်သွင်း၍သာ တောင်အာဖရိကကို ချေပဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ တိုရာဒို၊ အိုဆောလိုနှင့် အက်ဂွီလာတို့ ယခင်ပွဲထက် အားထုတ်မှုကောင်းရန် လိုနေသေးသည်။ မက္ကဆီကိုနည်းပြ အက်ဂွီရီ လူအခင်းအကျင်းပြောင်းလဲလျှင် ပြင်သစ်ကို အခက်အခဲတွေ့စေနိုင်မည်ဖြစ်သည်။ ပွဲဦးထွက် ခြေမမှန်တတ်သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ ပုံမှန်ခြေစွမ်း ပြန်ရတတ်သည့် ပြင်သစ်ကို မက္ကဆီကိုတို့ အနိုင်ရလဒ်ဖန်တီးဖို့ ခက်ခဲမည်မှာ အမှန်ပင်။ ယခုပွဲ၌ ပြင်သစ်တို့သာ အနိုင်ရလဒ်နှင့် ထိုက်တန်သည်ဟု မှန်းဆရပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

17-6 (12).pmd 1 6/17/2010, 3:18 AM

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့** တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



# ထန်းတပင်မြို့နယ်အတွက် အားထားရသော မြစိမ်းရောင် ရေနုတ်ချောင်းကြီး

သတင်းမှတ်စုနှင့်ဓာတ်ပုံ - မောင်သာဖြန်း(ထန်းတပင်) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအုပ်စုအတွင်းရှိ မြစိမ်းရောင် ရေနုတ်ချောင်းကြီး တူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုအားရ၍ ဒေသခံတောင်သူများ ဝမ်းသာကျေနပ်ဖြစ်မိကြသည်။

### စုပေါင်းဆောင်ရွက်

ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး၏ စီစဉ်မှုဖြင့် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၊ တူးချောင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်အောင်နှင့် ဒေသခံတောင်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

## ကမ္ဘာ့အကြီးဆုံး ချောကလက်ခွက်

ကိုသစ္စာ - ရေးသားသည်



*အမေရိကန်နိုင်ငံ နယူးယောက်မြို့ဘာယင့်ဥယျာဉ်၌ ပြသထားသော ချောကလက်ခွက်ကြီးမှာ ကလေးငယ်များအတွက် ချောကလက်များ အသင့်ယူငင်စားသုံးနိုင်ရန် ဖန်တီးပေးထားသည်။*

*၄င်းချောကလက်ခွက်ကြီးသည် အကျယ် ခုနစ်ပေရှိပြီး အမြင့်လေးပေကျော်ရှိသည်။ ချောကလက်အပြည့်ထည့်ထားပါက အလေးချိန်ပေါင် ၄၁၈၀ ရှိသည်။ ချောကလက်အရည်များ ထည့်ပါက စုစုပေါင်းဂါလန် ၅၀၀ခန့် ထည့်ဝင်နိုင်သည်။*

*ကော်ဖီခွက်များ*

*အဆိုပါ ချောကလက်ထည့်သည့် ခွက်ကြီးအတွင်း ကော်ဖီထည့်ပါက ပုံမှန်ကော်ဖီခွက်အရေအတွက် စုစုပေါင်း ၁၀၀၀၀ခန့် ထည့်ဝင်နိုင်သည်။ အပူချိန် ၁၂၀ဒီဂရီစင်တီဂရိတ်အထိ အပူပေးလျှင် ခံနိုင်ရည်ရှိသည့် ဖန်သားမျှင်များဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ အင်တာနက်*

## အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၁၆

ဇွန် ၁၆ရက် နံနက် ၉နာရီ ၄၇မိနစ် ၃၀စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၃၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ပါပူဝါမြောက်ဘက်ကမ်းခြေအနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)